JESUS
316

# ယေရှု မည်သူဖြစ်သလဲ?

**ယေရှု မည်သူဖြစ်သလဲ?** သမ္မာကျမ်းစာက ထိုမေးခွန်းအတွက် စစ်မှန်သော အဖြေတစ်ခုကို ပေးထားသည်။ တမန်တော် ရှင်ပေါလုက၊ *“ထိုကျမ်းစာရှိသမျှ သည် ဘုရားသခင် မှုတ်သွင်း [အသက်သွင်း] တော်မူသော အားဖြင့်ဖြစ်၍၊”* (၂တိ ၃:၁၆) ဟုရေးထားသည်။ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ဘုရားသခင် မှုတ်သွင်း၍ ရေးသားထားသော သမ္မာကျမ်းစာက ယေရှုသည် ထာဝရအတိတ်ကာလမှသည် ထာဝရအနာဂတ် ကာလအထိ ဘုရားဖြစ်ကြောင်း သွန်သင်ထားသည်။ သမ္မာကျမ်းစာက သူသည် *“အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏ဟု အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ အစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်”* ဖြစ်သည်ဟု ဆိုထားသည် (ဗျာဒိတ် ၁:၈)။ သမ္မာကျမ်းစာက ယေရှုသည် ဘုရားသခင်၊ ဖန်ဆင်းရှင်၊ သိုးထိန်းရှင်၊ အရှင်သခင်၊ ရွေးနုတ်သူ၊ ဘုရားသခင်၏ သိုးသငယ်၊ သခင်တကာတို့၏သခင်၊ ဘုရင်တကာတို့၏ဘုရင်၊ ဧမာနွေလ (ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်)၊ ကယ်တင်ရှင်၊ ယဇ်ပုရောဟိတ်မင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်သခင် ဖြစ်သည်ဟု ဖော်ပြထားပါသည်။

**ယေရှုသည် ဖန်ဆင်းရှင်ဖြစ်၏။** *“အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။”* ယောဟန် ၁:၁-၁၄ ထဲမှ ထုတ်နုတ်ထားသည်။ *“အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့ အလို့ငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။”* ကောလောသဲ ၁:၁၆-၁၇ ထဲမှ ထုတ်နုတ်ထားသည်။

**ယေရှုသည် “ငါဖြစ်သည်အတိုင်း ငါဖြစ်၏”။** ထွက်မြောက်ရာကျမ်း အခန်းကြီး ၃ (ဘီစီ ၁၄၅၀ ခန့်) တွင် ယေရှုသည် ဘုရားသခင်၏ ကောင်းကင်တမန် အသွင်ဖြင့် မီးလောင်နေသော ချုံဖုတ်ထဲမှ မောရှေကို ခေါ်၍ မိမိ၏နာမအား *“ငါဖြစ်သည်အတိုင်း ငါဖြစ်၏”* ဟုဖော်ပြခဲ့သည်။ ယောဟန် ၈ တွင် ယေရှုက အာဗြဟံမဖြစ်မီ (ဘီစီ ၂၀၀၀ ခန့်) နှင့် ယုဒလူမျိုးတို့ မပေါ်ပေါက်မီကပင် ရှိနှင့်ပြီးသူ *“ငါဖြစ်သည်အတိုင်း ဖြစ်၏” ဟုမိန့်တော်မူခဲ့သည်။ ယုဒလူမျိုးတို့က ယေရှု၏ ဘုရားဖြစ်သည်ဟု ကြွေးကြော်ခြင်း အတွက် ခဲနှင့် ပစ်သတ်ခြင်းငှာ ကျောက်ခဲတို့ကို ကောက်ယူခဲ့ ကြသည်။ နောက်တွင်၊ ယေရှုက “ငါသည် ငါ့ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်”* ဟု (ယောဟန် ၁၀:၃၀-၃၁) မိန့်တော်မူပြန်ရာ ယုဒလူတို့သည် ယေရှုကို ခဲနှင့်ပစ်ခြင်းငှာ တစ်ဖန် ကျောက်ခဲကို ကောက်ယူခဲ့ကြသည်။

**ယေရှုသည် ဓမ္မဟောင်းကာလတွင် တည်ရှိသည်။** ရှင်ယောဟန် ၁:၁၈ နှင့် ၆:၄၆ တွင် ခမည်းတော် ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူး ဟုဆိုထားသည်။ သို့သော်လည်း၊ ဗက်လင်မြို့၌ မမွေးဖွားခင် လူ့ဇာတိအဖြစ်သို့မခံမယူမီ ဘုရားသခင်အဖြစ် ယေရှုသည် ဓမ္မဟောင်းခေတ်ကာလတွင် လူများစွာတို့ထံ ကိုယ်ကိုထင်ရှား ပြသခဲ့သည်။ ယေရှုသည် ဘုရားသခင်၏ ကောင်းကင်တမန်အဖြစ် ဟာဂရ (ကမ္ဘာ ၁၆၊ ၂၁)၊ မောရှေ (ထွက်မြောက် ၃)၊ ဂိဒေါင် (တရားသူ ၆) နှင့် ရှန်ဆုံ၏ မိဘများ (တရားသူ ၁၃) အသီးသီးတို့ထံတွင် ထင်ရှားခဲ့သည်။ သူသည် အာဗြဟံ (ကမ္ဘာ ၁၈၊ ၂၂) နှင့် ယာကုပ် (ကမ္ဘာ ၃၁၊ ၃၂) တို့ထံတွင်လည်း ပေါ်ထွန်းခဲ့သည်။ ထို့အပြင်၊ ဟေရှာယ ၄၈:၁၂-၁၉ တွင်လည်း ယေရှုကို သုံးပါးတစ်ဆူ ဘုရားဖြစ် (ဘီစီ ၇၀၀ ခန့်က ရေးသားခဲ့) တစ်ကြိမ် ဖော်ပြထားသည်။

**ယေရှုသည် ကြိုတင်ဟောကိန်းပြုထားသူ ဖြစ်သည်။** လွန်ခဲ့သော နှစ်ပေါင်းရာကျော်နှင့် ဓမ္မဟောင်းကျမ်းရှိ ပရောဖက်ပြုချက် ၃၀၀ ကျော်တို့က ယေရှု၏ မွေးဖွားခြင်း၊ အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းအကြောင်း ဖော်ပြထားသည်။ ဆာလံ ၂၂ ရှိ ပရောဖက်ပြုချက်တွင် သူ၏ လက်ဝါးကပ်တိုင်ပေါ်၌ စက်ဆုပ်ဖွယ် အသေခံမည့်အကြောင်း ဖော်ပြထားသည် (ကျောက်ခဲဖြင့် ပစ်သတ်ခြင်းက ကွပ်မျက်ခြင်း တစ်မျိုးအဖြစ် ကျင့်သုံးစဉ်၊ ဘီစီ ၁၀၀၀ ခန့်က ရေးသားခြင်း ဖြစ်သည်)။ ဆာလံ ၂၂ မှ ပရောဖက်ပြုချက်များ ပြည့်စုံလာခြင်းအကြောင်းကို မဿဲ ၂၇ တွင် မှတ်တမ်းတင် ထားပါသည်။

**ယေရှုသည် ရာနှုန်းပြည့် ဘုရား-လူသားဖြစ်လာသည်။** ပရောဖက် ဟေရှာယက *“ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏”* (ဟေရှာ ၉:၆) ဟုပရောဖက်ပြုထားသည်။ ဟေရှာယက ထိုသူသည် တန်ခိုးကြီးသော ဘုရားသခင် ဖြစ်ကြောင်း ဖော်ပြထားသည်။ ထာဝရသားတော်သည် သူငယ်ကဲ့သို့ ဗက်လင်မြို့တွင် မွေးဖွားလာခဲ့သည်။ ယေရှုသည် ထာဝရအတိတ်ကာလမှတိုင် သူ၏ဖွားမြင်ခြင်း မတိုင်မီ ရှိနှင့်ပြီး ဖြစ်သည်။ “ဘုရားသခင်၏ သားတော်” ဟူသော ဘွဲ့နာမသည် ဖွားမြင်ခြင်းထက် သူ၏ဂုဏ်ပုဒ်ကို ဖော်ပြခြင်း ဖြစ်သည်။ ယေရှုသည် ဗက်လင်မြို့တွင် မွေးဖွားလာသည့် အချိန်မှသာ သူ၏တည်ရှိခြင်း ဖြစ်ပေါ်လာသည် မဟုတ်ပါ။ တမန်တော် ရှင်ပေါလုက *“ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏”* (ဖိလိပ္ပိ ၃:၅-၈) ဟုရေးထားသည်။ ယေရှုသည် ဘုရားအဖြစ် တည်ရှိပြီး၊ ရာနှုန်းပြည့် လူသား အဖြစ်လည်း ဖြစ်တည်လာပါသည်။ ထာဝရ ကြိုတင် တည်ရှိပြီးသော ယေရှုခရစ်သည် ကောင်းကင်မှ လူသားအဖြစ် ကြွဆင်းလာခဲ့သည် (ယော ၃:၁၃၊ ၃၁၊ ယော ၆:၃၃-၃၈)။ ယေရှုခရစ်သည် ဘုရားနှင့် လူသားအဖြစ် တချိန်တည်း ဖြစ်တည်ခဲ့သည်။

**ယေရှုသည် နိမိတ်လက္ခဏာများစွာ ပြုခဲ့သည်။** ယေရှုပြုခဲ့သော နိမိတ်လက္ခဏာများစွာကို ဓမ္မသစ်ကျမ်းတွင် တွေ့ရသည်။ ထိုအထဲမှ နိမိတ်လက္ခဏာ သုံးရပ်မှာ သူ၏ကြွေးကြော်မှုနှင့် ကိုက်ညီပြီး ထူးခြားလှသည်။ ယေရှုက လူ ၅၀၀၀ ကို အံ့ဩဘွယ် ကျွေးမွေးခဲ့ပြီး၊ *“ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏”* (ယော ၆:၃၅) ဟုမိန့်တော်မူသည်။ မျက်စိကန်းသော သူအား မြင်စေပြီးနောက် *“ငါသည် ဤလောက၌ ရှိစဉ်တွင် ဤလောက၏ အလင်းဖြစ်၏”* (ယော ၉:၁-၈) ဟုမိန့်တော်မူသည်။ ယေရှုကလည်း၊ “ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်” (ယော ၁၁:၂၅) ဟုမိန့်တော်မူခဲ့သည်။ ယေရှုက သူ၏မိတ်ဆွေ လာဇရု၏ သင်္ချိုင်းဂူသို့သွား၍ သေဆုံးပြီး လေးရက်မြောက်ပြီးသည့်တိုင် အသက်ပြန်ရှင်စေခဲ့သည်။ ယေရှုက နာမကျန်းသောသူ၊ လက်ခြေသေသောသူ၊ နားမကြားသောသူ၊ ဆွံ့အသောသူ၊ နူနာစွဲသောသူနှင့် နတ်ဆိုးစွဲသောသူတို့အား ပြန်လည်ကျန်းမာစေခဲ့သည်။ သူက ရေကို စပျစ်ရည် ပြောင်းလဲစေခြင်း၊ ရေပေါ်လမ်းလျှောက်ခြင်း၊ ပင်လယ်မုန်တိုင်းကို ငြိမ်သက်စေခြင်းတို့ကို ပြုခဲ့သည်။ ရှင်မဿဲ ၉:၂-၇ က လက်ခြေသေ၍ ကိုယ်တုံးလုံးနေသော သူအား လူများက ယေရှုထံသို့ ခေါ်လာခြင်းအကြောင်း ဖော်ပြထားပါသည်။

Burmese

ယေရှုက ထိုလက်ခြေသေသောသူအား *"ငါ့သား၊ မစိုးရိမ်နှင့်။ သင်၏အပြစ်ကို လွှတ်စေပြီ"* ဟုမိန့်တော်မူခဲ့သည်။ ဘာသာရေး ခေါင်းဆောင်များက ဘုရားသခင်ကသာ ခွင့်လွှတ်နိုင်သော အပြစ်ဖြစ်၍ ဤသူသည် ဘုရားကို လွန်ကျူး၍ ပြောသည်ဟု ထင်ခဲ့ကြသည်။ ယေရှုက ထိုသူတို့အား၊ *"အဘယ်စကားကို သာ၍ ပြောလွယ်သနည်း။ သင်၏အပြစ်ကို လွှတ်စေပြီဟု ပြောလွယ်သလော။ သင်ထ၍ လှမ်းသွားလော့ဟု ပြောလွယ်သလော။ လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှာ ထလော့။ ကိုယ်အိပ်ရာကို ဆောင်၍ ကိုယ်အိမ်သို့ သွားလော့ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။ ထိုသူသည်လည်း ထ၍ မိမိအိမ်သို့ သွားလေ၏။"*

**ယေရှုက သူသည် ဘုရားဖြစ်ကြောင်း သက်သေပြခဲ့သည်။** ယေရှုက သူ၏မွေးဖွားခြင်း၊ အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းအကြောင်း ဓမ္မဟောင်းကျမ်းရှိ ပရောဖက်ပြုချက်များစွာကို ပြည့်စုံစေခဲ့သည်။ သူသည် ဘုရားဖြစ်ကြောင်း နိမိတ်လက္ခဏာများစွာ ပြု၍ သက်သေပြခဲ့သည်။ အခွင့်အာဏာဖြင့် သင်ကြားပေးခဲ့သည်။ *"ထိုဒေသနာတော်ကို ယေရှုဟောတော်မူသည် အဆုံး၌ ပရိသတ်အပေါင်းတို့သည် ဆုံးမဩဝါဒ ပေးတော်မူခြင်းကို အလွန်အံ့ဩကြ၏။ အကြောင်းမူကား၊ ကျမ်းပြုဆရာနည်းတူ မဟုတ်၊ အစိုးရသော သူနည်းတူ ဆုံးမဩဝါဒပေးတော်မူ၏"* (မဿဲ ၇:၂၈–၂၉)။ ထို့အပြင်၊ ယေရှုသည် အပြစ်ကင်းသော အသက်တာဖြင့် အသက်ရှင်ခဲ့သည် (ဟေဗြဲ ၄:၁၅၊ ၁ ပေ ၂:၂၂၊ ၁ ယော ၃:၅)။ အပြစ်ကင်းစင်သော ဘုရားနှင့် လူသားဖြစ်သည့် ယေရှုသည် မိမိတို့အပြစ်များအတွက် လက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားသခင်၏ စုံလင်သော သိုးသငယ်အဖြစ် ယဇ်ပူဇော်ခံခဲ့သည်။ *"ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက် ရှိကြ၏"* (၁ ပေ ၂:၂၄)။

**ယေရှုသည် လက်ဝါးကပ်တိုင်ပေါ် အသေခံပြီး ရှင်ပြန်ထမြောက်ခဲ့သည်။** *"မိစ္ဆာဘဆက် ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေအစရှိသော ဖောက်ပြန် ပျက်စီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့"* (၁ ပေ ၁:၁၈–၁၉)။ *"ထိုသူကို သစ်တိုင်၌ဆွဲ၍ ကွပ်မျက်ကြလေ၏။ သုံးရက်မြောက်သောနေ့၌ ဘုရားသခင်သည် ထမြောက်စေတော်မူ၍... ထိုသခင်ကို ယုံကြည်သောသူ ရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရကြလတ္တံ့သူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏ သက်သေခံ ဖြစ်ကြသည်"* (တမန် ၁၀:၃၉–၄၀၊ ၄၃)။ *"ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏"* (၁ ကော ၁၅:၃–၄)။ ယေရှုသည် သင်္ချိုင်းတွင်းမှ ထမြောက်တော်မူ၍ ကောင်းကင်သို့ တက်ကြွတော်မူခြင်းမခံမီ လူများစွာထံ သက်သေထင်ရှားပြသခဲ့သည်။

**ယေရှုသည် ဘုရားသခင်ထံသို့ ရောက်ရန် တစ်ခုတည်းသော လမ်းဖြစ်သည်။** ယေရှုက *"ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ"* (ယော ၁၄:၆) ဟုမိန့်တော်မူခဲ့သည်။ တမန်တော် ပေတရုကလည်း၊ *"ထိုသခင်၏ နာမတော်မှတစ်ပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ"* ဟု မြွက်ဆိုခဲ့သည် (တမန် ၄:၁၂)။ တဖန်၊ တမန်တော် ပေါလုက *"ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှာ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏"* (၁ တိ ၂:၅–၆) ဟုရေးသားခဲ့သည်။ ဘုရားသခင်ထံသို့ ရောက်ရန် ယေရှု၏ လမ်းခရီးသည် အခြားသော ဘာသာတရားတို့နှင့် ကွဲပြားလှသည်။ အခြားသော ဘာသာတရားတို့က အပြစ်၏ပြဿနာအတွက် အဖြေမပေးနိုင်ကြပါ။ ၎င်းတို့၏ ကုသိုလ်နှင့် အကုသိုလ်အကြောင်း အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ယေဘုယျအားဖြင့် သင်သည် ကောင်းမှုကုသိုလ်ကိုသာ ပြုလုပ်လျှင် ၎င်းတို့၏ ဘုရားသည် သင်ပြုသော အပြစ်ကို လျစ်လျူရှုပေးပြီး နိဗ္ဗာန်သို့ ဝင်ခွင့်ပေးမည်ဟု သွန်သင်ကြသည်။ ယေရှု၏နည်းလမ်းမှာ သူ့ကို ယုံကြည်ခြင်းဖြင့် သင်၏အပြစ်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ပေးဆပ်ခဲ့ပြီး၊ ခွင့်လွှတ်ခြင်း ခံရသည်။ အပြစ်ခွင့်လွှတ်ခြင်းခံရပြီးသည့်အတွက် ယေရှုနှင့်အတူ ကောင်းကင်သို့ ရောက်နိုင်သည်။ *"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏"* (ယော ၃:၁၆)။

**ယေရှု တဖန်ပြန်ကြွဆင်းလာမည်။** ယေရှုက *"ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်"* (ယော ၁၄:၂–၃) ဟုမိန့်တော်မူသည်။ ထို့အပြင်၊ သူ၏နောက်ဆုံး စကားတော်ထဲတွင် ယေရှုက၊ "ငါသည် အလျင်အမြန် [ရုတ်တရက်] ပြန်လာမည်" ဟုမိန့်တော်မူသည်။ တမန်တော် ယောဟန်ကလည်း၊ *"အာမင်။ သခင်ယေရှုကြွလာတော်မူပါ"* (ဗျာ ၂၂:၂၀–၂၁) ဟုဆိုထားသည်။ ယနေ့ ယေရှုပြန်ကြွ လာသည်ဆိုပါက၊ သူ့ကို တွေ့ဆုံဖို့ အဆင်သင့်ဖြစ်ပါသလား။ ယေရှုကို ယုံကြည်ပြီး ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်း ခံခြင်းအားဖြင့် သင်သည် အဆင်သင့်ဖြစ်ကြောင်း သေချာစေရန် www.Gospel316.org သို့ဝင်ရောက်ကြည့်ရှုလိုက်ပါ။

**ယေရှုသည် ထာဝရအတိတ်ကာလမှ ထာဝရအနာဂါတ်တိုင်အောင် ဘုရားသခင် ဖြစ်တော်မူသည်။**

**သူ၏နာမတော်ကို ဖော်ပြသဖြင့် အံ့အားသင့်သောသူ ဖြစ်ပါစေ။**

*ယေရှု မည်သူဖြစ်သလဲ?* © ၂၀၂၅ ခုနှစ်ထုတ်၊ John D. Morris III ရေးသားသော စာအုပ်ကို Acts One Eight မှ ထုတ်ဝေသည်။ ရေးသားချက်အကြောင်းအရာ အပြည့်အစုံကို ဖြည့်စွက် ပြောင်းလဲခြင်းမရှိလျှင် လွတ်လပ်စွာ ပုံနှိပ်ခြင်း၊ ကူးယူခြင်း၊ ပို့စ်တင်ခြင်း၊ အီးမေးလ်ပို့ခြင်း သို့မဟုတ် စာတိုပို့ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ စာမျက်နှာ (၁) ထိပ်ဆုံးတွင် သင်၏သာသနာ၊ အသင်းတော်အမည်၊ တံဆိပ်တို့ကို ထည့်သွင်း၍၊ စာမျက်နှာ (၂) အောက်ခြေလိုင်းရှိ မျဉ်းအထက်တွင် ဆက်သွယ်ရန်လိပ်စာကို ထည့်သွင်းထားနိုင်ပါသည်။ Jesus316 သည် သမ္မာကျမ်းစာ တစ်ခုတည်းကိုသာ အခြေခံထားပြီး၊ လူများစွာ ယေရှုခရစ်ကို ယုံကြည်လာစေရန်နှင့် တပည့်တော်အဖြစ် ရှင်သန်ကြီးထွားလာစေရန် ပံ့ပိုးပေးလျက် ရှိသည်။ Acts One Eight သို့အီးမေးလ်ပို့လိုပါက (အင်္ဂလိပ်ဘာသာဖြင့်သာ) Hello@Mail316.org သို့ပေးပို့နိုင်ပါသည်။ အင်္ဂလိပ်စာဖြင့် မဟုတ်သော အခြားဘာသာပြန် အတွက် ဘာသာပြန် ဝန်ဆောင်မှုကို www.ChristianLingua.com မှပံ့ပိုးပေးထားသည်။ *ယေရှု မည်သူဖြစ်သလဲ?* ကို www.Jesus316.org တွင် ဘာသာစကား ၄၈ မျိုးဖြင့် အခမဲ့ရရှိနိုင်ပါသည်။ အင်္ဂလိပ်ဘာသာအတွက် ကျမ်းပိုဒ်ကိုးကားချက်များသည် The Lockman Foundation ၏ New American Standard Bible 1995 ထဲမှ ကောက်နှုတ်ထားပါသည်။ ဤဘာသာပြန်တွင် ကျမ်းပိုဒ် ကိုးကားချက်များသည် ယုဒသန်သမ္မာကျမ်းစာထဲမှ အသုံးပြုသည်။